၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်

# ပူးတွဲထုတ်ပြန်ကြေညာချက် - မြန်မာအာဏာပိုင်များသည် ဖမ်းဆီးခံသတင်းထောက်သုံးဦးကို ချက်ချင်းလွှတ်ပြီး စွဲချက်များ ရုပ်သိမ်းပေးရမည်

အောက်တွင်လက်မှတ်ရေးထိုးထားသော မိမိတို့အရပ်ဘက်လူထုအဖွဲ့အစည်းများမှ ၁၉၀၈ ခုနှစ် မြန်မာနိုင်ငံမတရားအသင်းအက်ဥပဒေဖြင့် သတင်းထောက်သုံးဦးအပါအဝင် လူခြောက်ဦးအား ဖမ်းဆီးထိန်းသိမ်း တရားစွဲဆိုထားခြင်းကို ရှုတ်ချလိုက်သည်။ သတင်းထောက်သုံးဦးသည် သတင်းလုပ်ငန်းလှုပ်ရှားမှုများကို ငြိမ်းချမ်းစွာလုပ်ဆောင်ခဲ့ခြင်း သက်သက်ကြောင့်သာ ထိန်းသိမ်းခံရခြင်းဖြစ်သဖြင့် ၎င်းတို့အပေါ် စွဲဆိုချက်များကို ရုတ်သိမ်းပေးရန်နှင့် ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန် မိမိတို့မှ တောင်းဆိုလိုက်ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် သတင်းထောက်သုံးဦးဖြစ်သည့် ဧရာဝတီမဂ္ဂဇင်းမှ (The Irrawaddy) ကိုသိန်းဇော် (ခ) လဂီဖမ်၊ ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) မှ ကိုအေးနိုင်နှင့် ကိုပြည့်ဘုန်းအောင် တို့နှင့်အတူလိုက်ပါခဲ့သည့် မိုင်းထွန်းအေး၊ မိုင်းစန်းညွှန့်နှင့် မိုင်းအောင်ခမ်းတို့ကို ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်တပ်က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၎င်းတို့သည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း ဖြစ်သော တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ထိန်းချုပ်နယ်မြေတွင်ကျင်းပသော အခမ်းအနားတစ်ခုကို တက်ရောက် သတင်းယူပြီးအပြန်တွင် ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။

ဇွန်လ ၂၈ ရက်နေ့တွင် ၎င်းတို့ခြောက်ဦးစလုံးကို မတရားအသင်းနှင့်ဆက်သွယ်သည်ဆိုကာ ကိုလိုနီခေတ်လက်ကျန် မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် စွဲချက်တင်ထားသည်။ သတင်းထောက်များကို ကားမောင်းပို့ခဲ့သည့် ယာဉ်မောင်းများဖြစ်သော မိုင်းစန်းညွှန့်နှင့် မိုင်းအောင်ခမ်း တို့ကိုမူ လိုင်စင်မဲ့ယာဉ် အသုံးပြုသည်ဆိုကာ ၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၈ နှင့်ပါ ထပ်မံစွဲဆိုခဲ့သည်။ လတ်တလောတွင် ၎င်းတို့အားလုံးမှ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သီပေါအကျဉ်းထောင်တွင် ထိန်းသိမ်းခံနေရပြီး ဇူလိုင်လ ၂၁ ရက်နေ့တွင် နောက်ထပ်ရုံးချိန်း ရင်ဆိုင်ရန်ရှိနေသည်။ အကယ်၍ မတရားအသင်းအက်ဥပဒေအရ အပြစ်ပေးခံရလျှင် တစ်ဦးချင်းအနေဖြင့် ထောင်ဒဏ် နှစ်နှစ် မှ သုံးနှစ်ကြား ကျခံနိုင်ခြေရှိပြီး ငွေဒဏ်လည်း ကျခံရနိုင်သည်။ လွတ်လပ်မှုကင်းမဲ့သော တရားစီရင်ရေးစနစ်နှင့် မတရားအသင်းအက်ဥပဒေကို တရားလက်လွတ်အသုံးပြုခြင်းတို့က ထိန်းသိမ်းခံပုဂ္ဂိုလ် ခြောက်ဦးတို့၏ အနေအထားကို အထူးစိုးရိမ်စရာ ဖြစ်နေစေသည်။

မြန်မာစစ်တပ်သည် တိုင်းရင်းသားလူနည်းစုများနှင့် တိုက်ပွဲဖြစ်ပွားရာ နယ်မြေများမှ ပြည်သူများကို တရားလက်လွတ် ဖမ်းဆီးရန် မတရားအသင်းအက်ဥပဒေကို မကြာခဏအသုံးပြုလေ့ရှိသည်။ ယခင်က မြန်မာစစ်တပ်သည် TNLA အပေါ် ကြီးမားသောထိုးစစ်များဆင်ခဲ့ပြီး ယခုအချိန်တွင်လည်း နှစ်ဘက်အကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်။

သတင်းထောက်များအနေဖြင့် မိမိတို့သတင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပဋိပက္ခ တစ်ခု၏ ဘက်နှစ်ဘက်စလုံးမှ သတင်းတင်ပြနိုင်ရန် လိုအပ်ပါသည်။ ဇွန်လ ၂၇ ရက်နေ့တွင် သတင်းဌာနများ၊ သတင်းအဖွဲ့အစည်းများနှင့် သတင်းထောက်ကွန်ရက်များ စုစုပေါင်း ၂၅ ခုတို့မှ သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင် ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံသို့ အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ထုတ်ပြန်ခဲ့သည်။ ၎င်းစာထဲတွင် ယင်းဖမ်းဆီးမှုများသည် "စာနယ်ဇင်းကို ချုပ်ချယ်ခြင်းနှင့် ဆင်ဆာဖြတ်ခြင်း" ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး မြန်မာနိုင်ငံရှိ ပြည်သူအားလုံးသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ထိန်းချုပ်ထားသည့် ဒေသများမှ သတင်းအချက်အလက်များ ရရှိသင့်သည်ဟုလည်း အရေးဆိုခဲ့သည်။

သတင်းထောက်သုံးဦး အဖမ်းခံရခြင်းသည် မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့် စိုးရိမ်ဖွယ် နိမ့်ကျလာသည့်လက္ခဏာကို ပြသနေပါသည်။ အရပ်သားဦးဆောင်သောအစိုးရကို ရွေးကောက်တင်မြှောက် လိုက်သော်လည်း မြန်မာနိုင်ငံသည် သတင်းထောက်များနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများမှ ၎င်းတို့၏ လုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်ရာတွင် အန္တရာယ်များသည့်နေရာ ဆက်ဖြစ်နေပါသေးသည်။ ဆက်သွယ်ရေးအက်ဥပဒေ ပုဒ်မ ၆၆(ဃ) အား အသုံးပြုကာ အသရေဖျက်မှုဖြင့် သတင်းထောက်များအပေါ် တရားစွဲဆိုမှုများ ပိုမိုအသုံးပြုလာသည်။ ရာဇဝတ်မှုတရားရေးစနစ်ကို အသုံးပြု၍ အနှောင့်အယှက်ပေးခြင်း သည် သတင်းထောက်များနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ၏လုပ်ငန်းများကို ဥပဒေ ဖောက်ဖျက်မှုဖြစ်အောင်၊ ပျက်ပြားအောင်နှင့် အပြစ်ဒဏ်ကျခံရအောင် မကြာခဏသုံးသည့် နည်းနာတစ်ခု ဖြစ်သည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေညာစာတမ်း အပိုဒ် ၆ တွင် "လူတိုင်းသည် တစ်ဦးချင်းဖြစ်စေ၊ အခြားသူများနှင့် စုဖွဲ့၍ဖြစ်စေ၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အားလုံး အကြောင်း သတင်းအချက်များ လက်လှမ်းမီခွင့်အပါအဝင် သိရှိခွင့်၊ ရှာဖွေခွင့်၊ ရယူခွင့်၊ လက်ခံခွင့်နှင့် ထားရှိခွင့်ရှိသည်" ဟု ဆိုထားပါသည်။

FORUM-ASIA PV SWEDISH BURMA COMMITTEE

မြန်မာအာဏာပိုင်များအနေဖြင့် အောက်ပါတို့အား ချက်ချင်းဆောင်ရွက်ရန် မိမိတို့မှ တိုက်တွန်းလိုက်ပါသည်။

- သတင်းထောက်အလုပ်များကို ငြိမ်းချမ်းစွာလုပ်ဆောင်ရုံသက်သက်ဖြင့်ပင် ထိန်းသိမ်းခံထားရသည့် ကိုသိန်းဇော်၊ ကိုအေးနိုင်နှင့် ကိုပြည့်ဘုန်းအောင်တို့ကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန်၊
- မိုင်းထွန်းအေး၊ မိုင်းစန်းညွန့်နှင့် မိုင်းအောင်ခမ်းတို့အပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် စွဲဆိုချက်များအားလုံး ရုပ်သိမ်းပေးရန်၊
- ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁) နှင့် ဆက်သွယ်ရေးအက်ဥပဒေ ပုဒ်မ ၆၆(ဃ) တို့ကို ဖျက်သိမ်းပြီး ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီးဥပဒေမှ သက်ဆိုင်သည့်ပုဒ်မများ၊ မီဒီယာဥပဒေများနှင့် အခြားဥပဒေများအပါအဝင် တည်ဆဲဖိနှိပ်ရေးဥပဒေများကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ စံနှုန်းများနှင့် ကိုက်ညီစေရေး အာမခံရန်အတွက် အမြန်ဆုံး ပြန်လည်သုံးသပ်၊ ပြင်ဆင် သို့မဟုတ် ဖျက်သိမ်းရန်၊
- တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ၏ လွတ်လပ်အမှီအခိုကင်းမှု၊ အရည်အသွေး၊ ဘက်မလိုက်မှုနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့အား အာမခံနိုင်ရန် ဥပဒေပိုင်းနှင့် လက်တွေ့အစီအမံများ အရေးတကြီးဆောင်ရွက်ရန် နှင့်
- နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ သတင်းထောက်များနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် လုံခြုံဘေးကင်းစွာ လှုပ်ရှားဆောင်ရွက်နိုင်မည့် ဝန်းကျင်အနေအထား တစ်ခု ဖန်တီးပေးရန်အတွက် အထူးသီးသန့် ဥပဒေများနှင့် အစီအမံများ ပြဋ္ဌာန်းပေးရန်။

ထောက်ခံလက်မှတ်ရေးထိုးသည့်အဖွဲ့အစည်းများ -

1. Action Committee for Democracy Development (ACDD)
2. All India Network of Individuals and NGOs working with National and State Human Rights Institutions (AiNNI)
3. Amnesty International
4. Arakan Observer Group
5. Arakan Watch
6. Asian Forum for Human Rights and Development (FORUM-ASIA)
7. Assistance Association for Political Prisoners (AAPP)
8. Association Suisse Birmanie (ASB)
9. Banglar Manabadhikar Suraksha Mancha (MASUM)
10. Burma Campaign UK (BCUK)
11. Burma Centre Delhi
12. Burma Human Rights Network (BHRN)

13. Burma Link
14. Burma Monitor Group (BMG)
15. Burmese Rohingya Organisation UK
16. Bytes for All
17. Chin Human Rights Organization (CHRO)
18. Christian Solidarity Worldwide
19. Civil Rights Defenders (CRD)
20. Community Partners International (CPI)
21. Farmer and Labour Activists Group (FLAG)
22. Fortify Rights
23. Free Burma Campaign (South Africa) (FBC) (SA)
24. Frontier Myanmar
25. Future Light Center (FLC)
26. Genuine People's Servants (GPS)
27. Human Rights Defenders Alert
28. Human Rights Alert Manipur
29. Human Rights Defenders and Promoters (HRDP)
30. Institute for Asian Democracy
31. Info Birmanie
32. International Campaign for the Rohingya
33. INFORM Human Rights Documentation Centre
34. Initiatives for International Dialogue (IID)
35. Interfaith Cooperation Forum
36. Kachin Development Networking Group (KDNG)
37. Kachin Women's Association Thailand (KWAT)
38. Karen Human Rights Group (KHRG)
39. Karen Women's Organization (KWO)
40. Kayan National Party (KNP)
41. Korean House for International Solidarity (KHIS)
42. Let's Help Each Other (LHEO)
43. Mae Tao Clinic (MTC)
44. Madaripur Legal Aid Association (MLAA)
45. Network for Social Development and Peace
46. Norwegian Burma Committee (NBC)
47. Odhikar
48. People's Watch (PW)
49. Peoples' Vigilance Committee on Human Rights (PVCHR)
50. Programme Against Custodial Torture & Impunity (PACTI)
51. People Empowerment Foundation (PEF)
52. Progressive Voice (PV)
53. Pusat KOMAS
54. Quarterly Journal of Federalism
55. Ramhkye
56. Refugee and Migratory Movements Research Unit (RMMRU)

57. Rohingya Academy
58. Rohingya Arakanese Refugee Committee (RARC)
59. Rohingya Youth Development Forum (RYDF)
60. Social Harmony and Inclusive Development Organization
61. Suara Rakyat Malaysia (SUARAM)
62. Swedish Burma Committee
63. Task Force Detainees of the Philippines (TFDP)
64. Tavoyan Women's Union (TWU)
65. Think Centre
66. United States Campaign for Burma
67. Yaung Chi Oo Workers' Association (YCOWA)
68. စိမ်းလန်းပြင်ဦးလွင်

## *ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်*

၁။ Sejin Kim, Human Rights Defenders (HRD) Senior Programme Officer, Asia Forum for Human Rights and Development (FORUM-ASIA); +66 (0) 21 082 64346, [hrd@forum-asia.org](mailto:hrd@forum-asia.org) (အင်္ဂလိပ်ဘာသာ)

၂။ အောင်ခိုင်မင်း၊ အမှုဆောင်ညွှန်ကြားရေးမှူး၊ ရှေ့ပြေးအသံအဖွဲ့၊ +၆၆ (၀) ၉၇ ၉၉၅ ၅၃၀၅၊ [akm@progressive-voice.org](mailto:akm@progressive-voice.org) (မြန်မာဘာသာ/အင်္ဂလိပ်ဘာသာ)

၃။ Kristina Jelmin, Executive Director, Swedish Burma Committee; +46 (0) 70 759 8046, [kristina@burmakommitten.org](mailto:kristina@burmakommitten.org) (အင်္ဂလိပ်ဘာသာ/ဆွီဒင်ဘာသာ)